6. GUFFAW သည် ကျယ်လောင်ပြီး ဟားတိုက်၍ ရယ်မောခြင်းကို ဆိုလိုသည်။ အများအားဖြင့် ယောကျ်ားများအတွက်သုံးပြီး၊ အမူအရာအားဖြင့် ရိုင်းသော်လည်း ဘယ်သူ့ကိုမှ လှောင်ပြောင်သည့် သဘောမပါချေ။

•••••••

## LARGE, BIG, GIANT, GIGANTIC, KING-SIZE, MAMMOTH, OUTSIZE

1. ၎င်းတို့ကို more than normal size ဟု အဓိပ္ပာယ်ဖွင့်သည်။ သာမန်အရွယ်ထက်ကြီးသောဟု ဆိုလိုသည်။
2. BIG ကို ရုပ်ပိုင်းဆိုင်ရာကြီးသော ဟူသည့်အဓိပ္ပာယ်အပြင်စိတ်ပိုင်း၊ သဘောတရားပိုင်း၊ စကားပရိယာယ်အဖြစ်လည်းသုံးသည်။

   a big mistake = ကြီးကျယ်သော အမှား
   big boss = ခေါင်းဆောင်ကြီး
3. LARGE ကို taking much space, able to contain much ဟု အဓိပ္ပာယ်ဖွင့်သည်။ ဆိုလိုသည်မှာ နေရာများများယူသော၊ များများဝင်ဆန့်သောဟူ၍ ကြီးမားသည့်အဓိပ္ပာယ်ဖြင့် သုံးမည်ဆိုလျှင် LARGE သည် BIG ထက်ကြီးသည်ဟု အများက ယူဆလေ့ရှိသည်။ large house နှင့် big house နှစ်ခုစလုံးသည် ကြီးသောအိမ်ဟု အဓိပ္ပာယ်ရသော်လည်း large သည် ပို၍ နေရာများများဝင်ဆန့်သည့်သဘောဖြစ်သည်။
4. အဝတ်အစား၊ ဖိနပ်တို့၏ အရွယ်အစားကို ပြောလိုသောအခါ large size ( ကြီးသောအရွယ် ) extra large size (အလွန်ကြီးသောအရွယ်) ဟူ၍ သုံးလေ့ရှိသည်။
   အတိုကောက် L, XL ဟူ၍အမှတ်အသားလုပ်သည်။
5. LARGE သည် များပြားသော အရေအတွက်၊ ပမာဏကို ဖော်ပြရာတွင်သုံးသည်။

   large amount of money = ငွေများစွာ
   large number of students = များပြားသော ကျောင်းသားများ
   big number = ကြီးမားသော ကိန်းဂဏန်း
   One million is a big number, compared to one hundred = တစ်ရာနှင့် နှိုင်းယှဉ်လျှင် တစ်သန်းသည် ကြီးမားသော ကိန်းဂဏန်း
   အရာဝတ္ထုတစ်ခုကို အချိုးအစားအားဖြင့် ပို၍ကြီးအောင်လုပ်ထားသော အရာများအတွက် သုံးသည်။
   This science fiction is about giant ants and cocroaches.
   ဤသိပ္ပံဝတ္ထုသည် အလွန်ကြီးမားသော ပုရွက်ဆိတ်များနှင့် ပိုးဟပ်များအကြောင်း ဖြစ်သည်။
   a giant statue of a hero = သူရဲကောင်းတစ်ယောက်၏ အလွန်ကြီးမားသော ကျောက်ရုပ်ကြီး ။

•••••••

## MOVE, SHIFT, TRANSFER

1. ဤစကားလုံးများသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။
2. MOVE ကို လှုပ်သည်ဟူသော အဓိပ္ပာယ်ဖြင့်လည်း သုံးနိုင်သော်လည်း ဤနေရာတွင် ရွှေ့ပြောင်းသည်ဟူသော အဓိပ္ပာယ်ဖြင့် သုံးခြင်းကိုသာ ဖော်ပြပါမည်။
   We move the table to the right .
   စားပွဲကို ညာဘက်သို့ ရွှေ့သည်။
   They are moving upstairs.
   သူတို့သည် အပေါ်ထပ်သို့ ပြောင်းရွှေ့နေကြသည်။
   He has moved to another country.
   သူအခြားနိုင်ငံကို ပြောင်းသွားပြီ။
3. MOVE ကို စိတ်ပိုင်းဆိုင်ရာ စိတ်လှုပ်ရှားမှု ထိခိုက်မှုအတွက်လည်း သုံးသည်။